Eat Well, Live Well.

AJINOMOTO

# AGP

## Ajinomoto Group Policies

Myanmar

မြန်မာဘာသာ

# မာတိကာ


ကုမ္ပဏီဥက္ကဌနှင့် CEO ထံမှ အမှာစကား ········ 1

Ajinomoto Group Policies - အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၏ မူဝါဒများ (AGP) ဆိုတာဘာလဲ? ········ 2

မူဝါဒအကျုံးဝင်သော နယ်ပယ်အကျယ်အဝန်း ········ 2

ကုမ္ပဏီမှ တာဝန်ယူမှုများ ········ 2

**အခြေခံမူဝါဒများ** ········ 3

စီမံအုပ်ချုပ်မှုနှင့် ယုံကြည်ကိုးစားမှု၏ အခြေခံအုတ်မြစ်

၁။ ကောင်းမွန်သောအုပ်ချုပ်မှု တည်ထောင်ခြင်းနှင့် အုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း ········ 3

ကုမ္ပဏီ၏ လူမှုဆိုင်ရာ ရည်မှန်းချက်နှင့် တန်ဖိုးများ ဖော်ဆောင်ပေးမှု

၂။ လူ့အခွင့်အရေးဆိုင်ရာ ကြိုးပမ်းမှုများ ········ 4

၃။ ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ အစပျိုးလုပ်ငန်းစဉ်များ ········ 5

၄။ ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ရေးအား အကျိုးပြုခြင်း ········ 6

အစုရှယ်ယာရှင်များအတွက် တာဝန်များ

၅။ စားသုံးသူများ- ဘေးအန္တရာယ်ကင်းရှင်းသော အရည်အသွေးမြင့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ ရရှိနိုင်ခြင်း ········ 7

၆။ စီးပွားရေး လုပ်ဖော်ကိုင်ဖက်များ- မျှတမှုရှိပြီး ပွင့်လင်းမြင်သာသော လုပ်ငန်းကိစ္စရပ်များ ········ 8

၇။ ရင်းနှီးမြှုပ်နှံသူများနှင့် အစုရှယ်ယာရှင်များ - ယုံကြည်ကိုးစားမှုနှင့် တာဝန်ယူမှု ········ 10

၈။ ဒေသခံလူမှုအဖွဲ့အစည်းများ - လူထုနှင့် လက်တွဲဆောင်ရွက်ခြင်း ········ 11

၉။ နိုင်ငံရေးသမားများနှင့် အစိုးရအဖွဲ့ဝင်များ - ပွင့်လင်းမြင်သာသော ဆက်ဆံရေးများ ········ 12

၁၀။ ဝန်ထမ်းများ - လူ့အရင်းအမြစ် ပျိုးထောင်မွေးထုတ်ရေးနှင့် ဝန်ထမ်းများအား လုံခြုံမှုပေးရေး ········ 13

ကုမ္ပဏီအတွင်းပိုင်း ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် တစ်ဦးချင်း လိုက်နာရမည့် ကိုယ်ကျင့်တရားဆိုင်ရာ စံနှုန်းများ

၁၁။ ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများနှင့် သတင်းအချက်အလက်များကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် စီမံခန့်ခွဲခြင်း ········ 14

၁၂။ စီးပွားရေးနှင့် ကိုယ်ရေးကိုယ်တာ ရောထွေးမှုမရှိခြင်း ········ 15


# ကုမ္ပဏီဥက္ကဌနှင့် CEO ထံမှ အမှာစကား



အာဂျီနိုမိုတိုကုမ္ပဏီအုပ်စုအနေဖြင့် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ “AminoScience ဖြင့် လူသားအားလုံး၊ ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းနှင့် ကျွန်ုပ်တို့၏ဂြိုဟ်တို့ ကျန်းမာသုခချမ်းသာကို ရရှိရန် တစ်ဖက်တစ်လမ်းမှ အကျိုးပြုခြင်း"ဖြစ်သည်။ ထို့ကြောင့်ပင် ကျွန်ုပ်တို့သည် ASV (Ajinomoto Group Creating Shared Value - အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၏ အကျိုးစီးပွားဖော်ဆောင်မျှဝေခြင်း) ကြိုးပမ်းဆောင်ရွက်မှု - တစ်နည်းအားဖြင့် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းများမှတစ်ဆင့် လူမှုရေးကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ပြီး လူ့အဖွဲ့အစည်း၊ ဒေသခံပြည်သူတို့နှင့်အတူ မျှဝေသုံးစွဲမည့် အကျိုးစီးပွားကို ဖော်ဆောင်ခြင်းဖြင့် စီးပွားရေးတန်ဖိုးမြှင့်တင်နိုင်သည့် တမူထူးခြားသောနည်းလမ်းကို တစိုက်မတ်မတ် အကောင်အထည်ဖော်လျက် ရှိပါသည်။

ASV ကို အကောင်အထည်ဖော်ရာတွင် အစုရှယ်ယာရှင်အမျိုးမျိုးနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပြီး ထိုပူးပေါင်းဆောင်ရွက်မှုသည် ကုမ္ပဏီအုပ်စုရှိ ကျွန်ုပ်တို့တစ်ဦးချင်းစီက စည်းမျဉ်းလိုက်နာခြင်း အသိရှိမှုကို မြှင့်တင်ပြီး လူ့အဖွဲ့အစည်း၏ ယုံကြည်မှုကို ရရှိစေရန် ကြိုးပမ်းအားထုတ်မှသာလျှင် ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ဝန်ထမ်းတစ်ဦးချင်းစီက မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်ပုံနှင့် စိတ်နေစိတ်ထားကို တာဝန်ယူစိတ်ရှိခြင်း၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် စဉ်းစားတွေးခေါ်ခြင်း၊ သင့်လျော်စွာ ဆုံးဖြတ်ခြင်းနှင့် ရိုးသားဖြောင့်မတ်စွာ လုပ်ဆောင်ခြင်းဟူသော ဖြောင့်မတ်တည်ကြည်မှုကို ပျိုးထောင်ခြင်းသည် ASV စီမံခန့်ခွဲမှုကို အားပေးမြှင့်တင်ရာရောက်ပြီး ထိုသို့သော တည်ကြည်မှုရှိစေရန် အခြေခံအုတ်မြစ်မှာ Ajinomoto Group Policies (AGP) အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၏ မူဝါဒများပင် ဖြစ်ပါသည်။ အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၏ ဝန်ထမ်းတိုင်းသည် AGP ပါ အခြေခံမူများကို လမ်းညွှန်အဖြစ် ခံယူကာ "ကောင်းမွန်စွာ စဉ်းစား၍ ကောင်းမွန်စွာ လုပ်ဆောင်ခြင်း" ဟု ကျွန်ုပ်တို့ ခေါ်ဆိုသည့်အတိုင်း မိမိတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ရိုးသားဖြောင့်မတ်စွာ လုပ်ဆောင်ခြင်းက ကျွန်ုပ်တို့၏ အဖွဲ့အစည်းဆိုင်ရာ ယဉ်ကျေးမှုကို ပိုမိုခိုင်မာစေပြီး အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၏ မျှဝေသုံးစွဲမည့် အကျိုးစီးပွားကို ဖော်ဆောင်ပါမည်။

AGP သည် ကျွန်ုပ်တို့ အုပ်စုအတွင်းရှိ ကုမ္ပဏီများနှင့် ဝန်ထမ်းတိုင်း လိုက်နာစောင့်ထိန်းရမည့် ယုံကြည်ချက်များနှင့် အပြုအမူများကို ဖော်ပြထားခြင်း ဖြစ်ပါသည်။ ၎င်းမူဝါဒများကို ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှု အားလုံးတွင် လက်တွေ့ကျင့်သုံးရမည်ဖြစ်ပြီး ကျွန်ုပ်တို့သည် ထိုမူဝါဒများကို အမြဲမပြတ် စောင့်ထိန်းလိုက်နာသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာ ကမ္ဘာ့အသီးသီးရှိ လူပုဂ္ဂိုလ်၊ အစုရှယ်ယာရှင်များ အားလုံးထံသို့ စာဖြင့်ရေးသားထားသော ကတိကဝတ် တစ်ရပ်လည်း ဖြစ်ပါသည်။

AGP အတိုင်း ကျွန်ုပ်တို့ဆောင်ရွက်သမျှ အရာအားလုံးဖြင့် ယုံကြည်မှုကိုရရှိစေသော နည်းလမ်းဖြင့် လူသားအားလုံး ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းနှင့် ကျွန်ုပ်တို့၏ဂြိုဟ်တို့ ကျန်းမာသုခချမ်းသာကို ရရှိရေးအတွက် တစ်ဖက်တစ်လမ်းမှ အကျိုးပြုရန် ကျွန်ုပ်တို့ ရည်မှန်းထားပါသည်။




Shigeo Nakamura
ဒါရိုက်တာ
ကိုယ်စားလှယ်အမှုဆောင်အရာရှိ
ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်
Ajinomoto Co., Inc.

## Ajinomoto Group Policies - အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၏ မူဝါဒများ (AGP) ဆိုတာဘာလဲ?

AGP သည် အာဂျီနိုမိုတိုကုမ္ပဏီအုပ်စုမှ ကုမ္ပဏီအသီးသီးနှင့် ၎င်းကုမ္ပဏီများတွင် လုပ်ကိုင်လျက်ရှိသော ကျွန်ုပ်တို့တစ်ဦးချင်းစီက စောင့်ထိန်းလိုက်နာအပ်သော ယုံကြည်မှုနှင့် အပြုအမူများကို ဖော်ပြထားပါသည်။ AGP သည် ထိုယုံကြည်မှုနှင့် အပြုအမူများကို စောင့်ထိန်းလိုက်နာရန် လေးနက်စွာ ကြိုးပမ်းမည်ဖြစ်ကြောင်း ကျွန်ုပ်တို့၏ အစုရှယ်ယာရှင်အားလုံးထံသို့ ကတိကဝတ်ပြုစာလည်း ဖြစ်ပါသည်။

AGP တွင် အခြေခံမူဝါဒ 12 ခုနှင့် ၎င်းတို့နှင့် ဆက်စပ်နေသော ကုမ္ပဏီအုပ်စု မူဝါဒအပိုင်းများ ပါဝင်သည်။

AGP ကို 2000 ခုနှစ် ဧပြီလတွင် စတင်ပြဋ္ဌာန်းခဲ့သော အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၏ ကျင့်ဝတ်စည်းကမ်းအပေါ် အခြေခံ၍ 2009၊ 2014 နှင့် 2017 ခုနှစ်တို့တွင် အဆင့်ဆင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီး Ajinomoto Co., Inc. ၏ ဒါရိုက်တာဘုတ်အဖွဲ့မှ 2018 ခုနှစ် မေလ 30 ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ထို့နောက်တွင် လိုအပ်သလို ပြန်လည်ပြင်ဆင်ခဲ့သည်။

## မူဝါဒအကျုံးဝင်သော နယ်ပယ်အကျယ်အဝန်း

AGP သည် အာဂျီနိုမိုတိုကုမ္ပဏီအုပ်စုမှ ကုမ္ပဏီအားလုံးနှင့် ၎င်းတို့၏ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် အကျုံးဝင် သက်ဆိုင်ပါသည်။

အာဂျီနိုမိုတိုကုမ္ပဏီအုပ်စုသည် ၎င်း၏ အကျိုးစီးပွားကွင်းဆက် အတွင်းရှိ ပစ္စည်းသွင်းသူများနှင့် အခြားသော စီးပွားဖက်များကို လည်း ၎င်းတို့၏ လုပ်ဆောင်ချက်များတွင် AGP ၏ စိတ်ဓာတ်နှင့်အညီ လိုက်နာစောင့်ထိန်းကြရန် တိုက်တွန်းအားပေးလျက်ရှိပါသည်။

## ကုမ္ပဏီမှ တာဝန်ယူမှုများ

- အာဂျီနိုမိုတိုကုမ္ပဏီအုပ်စုအတွင်းရှိ ကုမ္ပဏီများသည် အရာရှိများနှင့် ဝန်ထမ်းအားလုံး AGP ကို ရင်းနှီးကျွမ်းဝင်စေရန် ဆောင်ရွက်ရမည့်အပြင် တည်ဆဲဥပဒေများ၊ စည်းမျဉ်းများနှင့် AGP မူဝါဒများအားလုံးကို လိုက်နာကြစေရန် စီစဉ်ဆောင်ရွက်ရမည်။
- အာဂျီနိုမိုတိုကုမ္ပဏီအုပ်စုမှ ကုမ္ပဏီများသည် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဝန်ထမ်းများအား AGP ကို ချိုးဖောက်ရန် မတောင်းဆိုရပါ။ ထိုမှတဖန် အာဂျီနိုမိုတိုကုမ္ပဏီအုပ်စုမှ ကုမ္ပဏီများသည် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဝန်ထမ်းများမှ မည်သူကိုမဆို AGP အား စောင့်ထိန်းလိုက်နာစေခြင်းဖြင့် ဆိုးရွားစွာ ထိခိုက်နစ်နာစေရန် မပြုမူရပါ။
- အာဂျီနိုမိုတိုကုမ္ပဏီအုပ်စုအတွင်းရှိ ကုမ္ပဏီတစ်ခုချင်းစီ၏ အထက်ပိုင်းစီမံခန့်ခွဲသူများသည် AGP မူဝါဒများကို လိုက်နာရာတွင် မိမိတို့၏ အခန်းကဏ္ဍကို နားလည်သဘောပေါက်ပြီး စည်းကမ်းလိုက်နာမှုအတွက် စံနမူနာပြဖြစ်ရမည်ဖြစ်သည်။ ထို့အပြင် ၎င်းတို့သည် မိမိတို့ကုမ္ပဏီအတွင်း လူတိုင်း စည်းကမ်းလိုက်နာစေရမည့်အပြင် ကုမ္ပဏီတွင်းနှင့် ကုမ္ပဏီပြင်ပမှ အကြံပြုချက်များကို ထည့်သွင်းစဉ်းစားသော ထိရောက်သည့် ကုမ္ပဏီတွင်းစီမံခန့်ခွဲမှုစနစ်များကိုလည်း တည်ဆောက်သွားမည်ဖြစ်ကြောင်း အာမခံရပါမည်။
- အာဂျီနိုမိုတိုကုမ္ပဏီအုပ်စုမှ မည်သည့်ကုမ္ပဏီတွင်မဆို တရားဥပဒေချိုးဖောက်ခြင်း စသည် AGP ကို ကြီးလေးစွာ ချိုးဖောက်မှုများ ဖြစ်ပွားပါက အထက်ပိုင်းမှ စီမံခန့်ခွဲသူများသည် ထိုပြဿနာများ ဖြေရှင်းဆောင်ရွက်ရန် အကြောင်းရင်းများကို စုံစမ်းဖော်ထုတ်ခြင်း၊ တဖန်ပြန်လည် မဖြစ်ပွားစေရန် လိုအပ်သော အစီအမံများဖြင့် ကာကွယ်မှုများပြုပြီး မိမိတို့၏ ရပ်တည်ချက်ကို အစုရှယ်ယာရှင်များ သိရှိနားလည်စေရန် ရှင်းလင်းတင်ပြရမည်။

# အခြေခံမူဝါဒများ

## စီမံအုပ်ချုပ်မှုနှင့် ယုံကြည်ကိုးစားမှု၏ အခြေခံအုတ်မြစ်

### ၁။ ကောင်းမွန်သောအုပ်ချုပ်မှု တည်ထောင်ခြင်းနှင့် အုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း

၁.၁။ ကျွန်ုပ်တို့သည် သက်ဆိုင်ရာဥပဒေနှင့် စည်းမျဉ်းများကို လိုက်နာသည့်အပြင် ကျွန်ုပ်တို့၏ကိုယ်ပိုင်ကျင့်ဝတ်အဖြစ် AGP နှင့်အညီ ဆောင်ရွက်ရမည်။

၁.၂။ ကျွန်ုပ်တို့သည် မိမိတို့ကုမ္ပဏီတန်ဖိုး စဉ်ဆက်မပြတ် မြင့်တက်စေရေးအတွက် လုပ်ပိုင်ခွင့်အာဏာနှင့် တာဝန်ခံနိုင်မှုအား သင့်လျော်သလို လွှဲအပ်လုပ်ကိုင်စေခြင်းကို ဗဟိုပြုအုပ်ချုပ်သောစနစ်များ တည်ထောင်ပြီး မျှတ၍ ပွင့်လင်းမြင်သာပြီး ထိရောက်မှုရှိစွာ ကုမ္ပဏီအုပ်စုကြီးကို စီမံခန့်ခွဲမှုပြုရမည်။

၁.၃။ ကျွန်ုပ်တို့သည် အကြမ်းဖက်တိုက်ခိုက်မှုများ၊ အီလက်ထရောနစ်ဆိုင်ရာ တိုက်ခိုက်မှုများနှင့် သဘာဝဘေးဒဏ်များကဲ့သို့ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကိစ္စရပ်များအတွက် အရံသင့်ရှိစေရန် အရဲကိုးစွန့်စားမှုအရေး မဟာဗျူဟာမြောက်စီမံခန့်ခွဲမှုနှင့် အဖွဲ့အစည်းဆိုင်ရာ အကျပ်အတည်းစီမံခန့်ခွဲမှုကို ဆောင်ရွက်ရမည်။

၁.၄။ လုပ်ငန်းခွင်အတွင်းနှင့် စီးပွားရေးလုပ်ကိုင်စဉ်အတွင်း ဥပဒေနှင့် စည်းမျဉ်းများ သို့မဟုတ် AGP အပေါ် မသမာမှုပြုခြင်း သို့မဟုတ် ချိုးဖောက်ခြင်းများ တွေ့ရှိပါက ကျွန်ုပ်တို့သည် မျက်နှာလွှဲမနေဘဲ ဝင်ရောက်ပြောဆိုရမည်။ ကျွန်ုပ်တို့သည် အရေးကိစ္စများနှင့် ပြဿနာများ ဖော်ထုတ်ရန် သင့်တော်သော မန်နေဂျာများနှင့် ဆွေးနွေးတိုင်ပင်ပြီး ကုမ္ပဏီတွင်း သတင်းပေးတိုင်ကြားခြင်းစနစ်ကို အသုံးပြုရမည်။

၁.၅။ ကျွန်ုပ်တို့သည် တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးကို ခြိမ်းခြောက်မှုဖြစ်စေသော ဥပဒေကို ချိုးဖောက်သော အင်အားစုများတွင် မည်သို့မည်ပုံပါဝင်မှုကိုမဆို လုံးဝ ရှောင်ကြဉ်ရမည်။ ထို့အပြင် ကျွန်ုပ်တို့သည် ဥပဒေကို ချိုးဖောက်သော အင်အားစုများကို လုံးဝဥဿုံ ဆန့်ကျင်ပြီး မသင့်လျော်သော တောင်းဆိုမှုများကို အလုံးစုံ ငြင်းပယ်ရမည်။

**ကုမ္ပဏီအုပ်စု၏မူဝါဒများ**

- အုပ်ချုပ်မှုဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ
- အရဲကိုးစွန့်စားမှုအရေးစီမံခန့်ခွဲမှုဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ
- စာရင်းကိုင်ဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ
- မသမာမှုပြုခြင်းနှင့် အလွဲသုံးစားပြုခြင်းဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ
- ကုမ္ပဏီတွင်း သတင်းပေးတိုင်ကြားခြင်းဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

# ကုမ္ပဏီ၏ လူမှုဆိုင်ရာ ရည်မှန်းချက်နှင့် တန်ဖိုးများ ဖော်ဆောင်ပေးမှု

## ၂။ လူ့အခွင့်အရေးဆိုင်ရာ ကြိုးပမ်းမှုများ

၂.၁။ ကျွန်ုပ်တို့သည် နိုင်ငံတကာအသိအမှတ်ပြု လူ့အခွင့်အရေးကို သိရှိနားလည်ပြီး လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ ကျင့်ဝတ်စည်းမျဉ်းများ လေးစားလိုက်နာမှုကို အခြေခံ၍ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

၂.၂။ ကျွန်ုပ်တို့သည် အစုရှယ်ယာရှင်များနှင့် အကျယ်တဝင့် ပူးပေါင်းဆောင်ရွက်ပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် ပါဝင်ပတ်သက်ခြင်း သို့မဟုတ် အားပေးကူညီခြင်းမျိုး မရှိစေရန် လူ့အခွင့်အရေးဆိုင်ရာ အလေးအနက်ထား စိစစ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပါသည်။ ထို့အပြင် ကျွန်ုပ်တို့ကြောင့် လူ့အခွင့်အရေးအပေါ် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း ထင်ရှားပါက လိုအပ်သော ပြုပြင်တည့်မတ်မှုများနှင့် ကုစားမှု အစီအမံများကို အချိန်နှင့်တစ်ပြေးညီ ဖော်ဆောင်ပေးပါမည်။

၂.၃။ ကျွန်ုပ်တို့သည် မိမိတို့ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေသော နိုင်ငံနှင့်ဒေသအသီးသီးရှိ တရားဥပဒေနှင့် ဓလေ့ထုံးစံတို့ကို လေးစားလိုက်နာရမည်။ ကျွန်ုပ်တို့သည် မည်သူကိုမဆို လူမျိုး၊ တိုင်းရင်းသားအုပ်စု၊ နိုင်ငံသား၊ ဘာသာရေး၊ ယုံကြည်ချက်၊ ဇာတိမြေ၊ ကျားမ၊ အသက်အရွယ်၊ မသန်စွမ်း၊ လိင်စိတ်တိမ်းညွတ်မှု၊ မိမိကိုယ်ကို လိင်သတ်မှတ်မှု သို့မဟုတ် အခြားအကြောင်းအရာများကို အကြောင်းပြု၍ ခွဲခြားဆက်ဆံမှုနှင့် ထိပါးနှောင့်ယှက်ခြင်းအား တားမြစ်ရမည်။

၂.၄။ ကျွန်ုပ်တို့သည် ကလေးအလုပ်သမား ခိုင်းစေခြင်းနှင့် အဓမ္မစေခိုင်းခြင်းများကို ပပျောက်စေရန်နှင့် ဘေးအန္တရာယ်ကင်း၍ ကျန်းမာရေးနှင့် ညီညွတ်သော၊ စိတ်အေးချမ်းသာစွာ လုပ်ကိုင်နိုင်သော လုပ်ငန်းခွင်ပတ်ဝန်းကျင်များ ဖြစ်ပေါ်စေရန် ကတိပြုပါသည်။ ထို့ပြင် အသင်းအပင်း ဖွဲ့စည်းခွင့်၊ စုဖွဲ့ခွင့်နှင့် စုပေါင်းညှိနှိုင်းဆောင်ရွက်ခွင့်အပါအဝင် အလုပ်ခွင်ရှိ အခြေခံရပိုင်ခွင့်များကိုလည်း လေးစားလိုက်နာပါမည်။

**ကုမ္ပဏီအုပ်စု၏မူဝါဒများ**

• လူ့အခွင့်အရေးဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

## ၃။ ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ အစပျိုးလုပ်ငန်းစဉ်များ

၃.၁။ ကျွန်ုပ်တို့သည် စားသုံးသူများ၏ လိုအပ်ချက်များကို နက်နက်ရှိုင်းရှိုင်း နားလည်အောင် ကြိုးပမ်းပြီး မျှတသော အာဟာရရှိသည့် ထုတ်ကုန်များ၊ သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများကို သင့်တော်သော ဈေးနှုန်းနှင့် လွယ်ကူစွာ ရရှိနိုင်သော ပုံစံများအဖြစ် ပံ့ပိုးပေးခြင်းဖြင့် ပိုမိုကျန်းမာသော စားသောက်မှုနှင့် လူနေမှုပုံစံများ ဖြစ်စေရန် ပံ့ပိုးကူညီလျက်ရှိပါသည်။

၃.၂။ ကျွန်ုပ်တို့သည် သင့်လျော်သော အာဟာရဓာတ်များရရှိအောင် ဆောင်ရွက်ပေးရုံသာမက ကောင်းမွန်သော အရသာများ၊ စုံလင်သော စားသောက်မှုပုံစံများ၊ အတူတကွ စားသောက်ပျော်ရွှင်ခြင်းများ၊ စမတ်ကျသော ချက်ပြုတ်မှု နည်းလမ်းများနှင့် ကမ္ဘာ့ပတ်ဝန်းကျင်အပေါ် ထည့်သွင်းစဉ်းစားမှုများမှတစ်ဆင့် ဘဝ အရည်အသွေးကို မြှင့်တင်ပေးလျက် ရှိပါသည်။

၃.၃။ ကျွန်ုပ်တို့သည် ရောဂါကာကွယ်ခြင်းမှသည် ကုသခြင်းအထိ ကျယ်ပြန့်သော ကျန်းမာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် အာဟာရနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ထုတ်ကုန်များ၊ သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများကို ပံ့ပိုးပေးခြင်းဖြင့် လူသားများ သက်တမ်းစေ့ ကျန်းမာစွာ နေထိုင်နိုင်စေရန် ကူညီပေးလျက်ရှိပါသည်။

**ကုမ္ပဏီအုပ်စု၏မူဝါဒများနှင့် လမ်းညွှန်ချက်များ**

• အာဟာရဓာတ်ဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

• အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၏ အာဟာရဆိုင်ရာ မဟာဗျူဟာ လမ်းညွှန်ချက်

• ကုန်ပစ္စည်းများ နားလည်လွယ်ခြင်းဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

### ၄။ ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ရေးအား အကျိုးပြုခြင်း

၄.၁။ ကျွန်ုပ်တို့၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ပံ့ပိုးပေးခြင်းနှင့် အခြားသော လုပ်ငန်းဆောင်ရွက်မှုများမှတဆင့် ကျွန်ုပ်တို့သည် ကမ္ဘာကြီးနှင့် သဟဇာတမျှတစွာ ယှဉ်တွဲနေထိုင်နိုင်ရန်အလို့ငှာ ဒေသခံပြည်သူများ၊ ဝယ်ယူသုံးစွဲသူများနှင့် အတူတကွ လုပ်ဆောင်ပြီး ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့် စုပ်ယူမှုတို့ကို မျှတအောင် ထိန်းညှိစေခြင်းဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ ပိုလျှံမှုလုံးဝမရှိသည့် ရေရှည်တည်တံ့သော "ပစ္စည်းအဟောင်းများ ပြန်လည်အသုံးချရေးဦးစားပေး လူ့အဖွဲ့အစည်းများ" ကိုဖော်ဆောင်ပါမည်။ ထို့အပြင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်သော အခြေခံအုတ်မြစ်များဖြစ်သည့် သဘာဝအရင်းအမြစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးမှုကို ရှောင်လွှဲရန် သို့မဟုတ် လျှော့ချရန်နှင့် ပြန်လည်ကောင်းမွန်ရှင်သန်လာစေရန်အတွက် သဘာဝအကျိုးပြု အစပျိုးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၄.၂။ ကျွန်ုပ်တို့သည် သယံဇာတရင်းမြစ်များနှင့် စွမ်းအင်များကို ပိုမိုအကျိုးရှိစွာ အသုံးပြုရန်နှင့် ပတ်ဝန်းကျင်မထိခိုက်ရေးကို တာဝန်ယူသော လူနေမှုပုံစံဖြင့် ပြုမူနေထိုင်ရန် တစ်ဦးချင်းစီတိုင်းကို အားပေးတိုက်တွန်းရမည်။

**ကုမ္ပဏီအုပ်စု၏မူဝါဒများနှင့် လမ်းညွှန်ချက်များ**

- အာဟာရဓာတ်ဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ
- အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၏ ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ လမ်းညွှန်ချက်များ
- တိရစ္ဆာန်များ သက်သောင့်သက်သာစွာ နေထိုင်စားသောက်နိုင်ရေးဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

## အစုရှယ်ယာရှင်များအတွက် တာဝန်များ

### ၅။ စားသုံးသူများ- ဘေးအန္တရာယ်ကင်းရှင်းသော အရည်အသွေးမြင့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ ရရှိနိုင်ခြင်း

၅.၁။ ကျွန်ုပ်တို့သည် ဝယ်ယူသုံးစွဲသူသာ ပထမဦးစားပေး ဟူသည်ကို အစဉ်အမြဲ စွဲမှတ်ကာ ခေတ်မီနည်းပညာ၊ ဖန်တီးနိုင်စွမ်းတို့ဖြင့် ဘေးအန္တရာယ်ကင်းရှင်းသော အရည်အသွေးမြင့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ ဖန်တီးထုတ်လုပ်ကာ ချပြရမည်။

၅.၂။ ကျွန်ုပ်တို့သည် ဝယ်ယူသုံးစွဲသူများ၏ ယုံကြည်မှုကို ရရှိရန်နှင့် ထိန်းထားရန်၊ ထိုသူတို့၏ လိုလားချက်များဖြည့်ဆည်းပေးပြီး စိတ်ကျေနပ်မှုရရှိစေရန်အလို့ငှာ ကျွန်ုပ်တို့၏ ကုန်ပစ္စည်း၊ ဝန်ဆောင်မှုများနှင့်ပတ်သက်၍ တိကျမှန်ကန်ပြီး အသုံးဝင်သော သတင်းအချက်အလက်များကို ထုတ်ပြန်ပေးရမည်။

၅.၃။ ကျွန်ုပ်တို့သည် ဝယ်ယူသုံးစွဲသူများနှင့် အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်ပြီး ကျွန်ုပ်တို့၏ ဈေးကွက်ရှာဖွေခြင်းနှင့် ကုန်ပစ္စည်းကြော်ငြာခြင်းကိစ္စအားလုံးကို တာဝန်ယူ ဆောင်ရွက်ရမည်။ အထူးသဖြင့် ကလေးသူငယ်များအပေါ် အလေးဂရုပိုမိုထားရှိပြီး တာဝန်ယူတာဝန်ခံ၍ ထိတွေ့ဆက်ဆံရမည်။

**ကုမ္ပဏီအုပ်စု၏မူဝါဒများ**

- အရည်အသွေးပိုင်းဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ
- အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ
- ဈေးကွက်ရှာဖွေ ဆက်သွယ်ရေးဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ
- ထုပ်ပိုးပစ္စည်းပေါ် ရေးသားဖော်ပြချက်များဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

## ၆။ စီးပွားရေး လုပ်ဖော်ကိုင်ဖက်များ- မျှတမှုရှိပြီး ပွင့်လင်းမြင်သာသော လုပ်ငန်းကိစ္စရပ်များ

၆.၁။ ကျွန်ုပ်တို့သည် လုပ်ငန်းကိစ္စရပ်အားလုံးတွင် မျှတမှုနှင့် ပွင့်လင်းမြင်သာမှုရှိရန် အလေးထားကာ ကျွန်ုပ်တို့ တန်ဖိုးထားရသော စီးပွားရေးလုပ်ဖော်ကိုင်ဖက်များကို လက်ခံအသိအမှတ်ပြုပြီး စီးပွားရေးလုပ်ငန်းတာဝန်ပိုင်းကို မျှတစွာ လုပ်ဆောင်ရမည်။

၆.၂။ ကျွန်ုပ်တို့သည် မိမိတို့ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေသော နိုင်ငံအသီးသီးတွင် လက်ဝါးကြီးအုပ်ချယ်လှယ်မှု တားဆီးရေးဆိုင်ရာ ဥပဒေများ၊ အခြားဥပဒေများနှင့် လုပ်ငန်းချင်း ယှဉ်ပြိုင်မှုဆိုင်ရာ စည်းကမ်းများကို နှံ့စပ်စွာ သိရှိနားလည်ပြီး စောင့်ထိန်းလိုက်နာရန် ကြိုးပမ်းဆောင်ရွက်ရမည်။ (လုပ်ငန်းတူအချင်းချင်း ပြိုင်ဆိုင်မှုမပြုဘဲ အမြတ်ထွက်ရန် ကြံစည်သဘောတူသည့် စီးပွားရေးသမားများ) တစ်နည်းအားဖြင့် လုပ်ငန်းချင်း ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်ရန်အလို့ငှာ ကုန်ပစ္စည်းဈေးနှုန်း သို့မဟုတ် အရောင်း/ထုတ်လုပ်မှု ပမာဏကို သတ်မှတ်ရန် လုပ်ငန်းပြိုင်ဘက်များနှင့် ပူးပေါင်းလိမ်လည်ညှိနှိုင်းမှုများတွင် ပါဝင်ဆောင်ရွက်မှု မပြုရပါ။ တရားမျှတမှုမရှိသော နည်းလမ်းများဖြင့် ဈေးကွက်အတွင်းမှ လုပ်ငန်းပြိုင်ဘက်ကို ဖယ်ရှားခြင်း၊ ဈေးကွက်အတွင်းသို့ လုပ်ငန်းပြိုင်ဘက်အသစ်များ မဝင်ရောက်စေရန် ပိတ်ဆို့တားဆီးခြင်းများ မပြုရပါ။

၆.၃။ ကျွန်ုပ်တို့သည် ကန်ထရိုက်လက်ခွဲများနှင့် ပစ္စည်းသွင်းသူများကို ရွေးချယ်ရာတွင် ဈေးနှုန်း၊ အရည်အသွေးနှင့် ဝန်ဆောင်မှုပိုင်း စသည် စည်းကမ်းချက်များနှင့်အညီ တရားမျှတစွာ နှိုင်းယှဉ်ခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းဖြင့် ဆုံးဖြတ်ရမည်။ ကျွန်ုပ်တို့၏ အရေးသာနေသောအခြေအနေကို အလွဲသုံးစားပြု၍ စီးပွားရေးလုပ်ဖော်ကိုင်ဖက်များ ထိခိုက်နစ်နာစေမည့် ကိစ္စရပ်မျိုးတွင် ပါဝင်ဆောင်ရွက်မှု မပြုရပါ။

၆.၄။ ကျွန်ုပ်တို့သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး အပါအဝင် လူမှုရေးတာဝန်များ ကျေပြွန်စေရန် မိမိတို့၏ ကန်ထရိုက်လက်ခွဲများ၊ ပစ္စည်းသွင်းသူများနှင့် အတူတကွ ကြိုးပမ်းအားထုတ်ရမည်ဖြစ်ပြီး၊ တာဝန်ယူမှုရှိသော ပစ္စည်းဝယ်ယူဖြည့်တင်းခြင်းကို ဖော်ဆောင်လျက် ထောက်ပံ့ဖြည့်ဆည်း ကွင်းဆ က်တစ်ခုလုံးတစ်လျှောက်ရှိ လူမှုအသိုင်းအဝိုင်းများ ရေရှည်တည်တံ့ ခိုင်မြဲစေရန်အတွက် ကြိုးပမ်းရာတွင် ပစ္စည်းသွင်းသူများနှင့် လက်တွဲဆောင်ရွက်ရမည်။

၆.၅။ ကျွန်ုပ်တို့သည် မိမိတို့၏ ဝယ်သူသုံးစွဲသူများနှင့် စီးပွားရေး လုပ်ဖော်ကိုင်ဖက်များအပေါ် ဆင်ခြင်တုံတရားလက်ကိုင်ထား ဆက်ဆံပြီး မမှန်ကန်သော လက်ဆောင်ပဏ္ဏာများ၊ ဖျော်ဖြေမှု သို့မဟုတ် ငွေကြေးများ ကမ်းလှမ်းခြင်းကဲ့သို့ မသင့်လျော်သော အပြုအမူများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရပါ။

**ကုမ္ပဏီအုပ်စု၏မူဝါဒများနှင့် လမ်းညွှန်ချက်များ**

- အာဟာရဓာတ်ဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ
- အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၏ စက္ကူ ဝယ်ယူဖြည့်တင်းခြင်းဆိုင်ရာ လမ်းညွှန်ချက်များ
- အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၏ ဆီအုန်း ဝယ်ယူဖြည့်တင်းခြင်းဆိုင်ရာ လမ်းညွှန်ချက်များ
- အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၏ ကော်ဖီ ဝယ်ယူဖြည့်တင်းခြင်းဆိုင်ရာ လမ်းညွှန်ချက်များ
- အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၏ ပဲပိစပ် ဝယ်ယူဖြည့်တင်းခြင်းဆိုင်ရာ လမ်းညွှန်ချက်များ
- အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၏ ကြံ ဝယ်ယူဖြည့်တင်းခြင်းဆိုင်ရာ လမ်းညွှန်ချက်များ
- အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၏ အမဲသား ဝယ်ယူဖြည့်တင်းခြင်းဆိုင်ရာ လမ်းညွှန်ချက်များ
- ပစ္စည်းသွင်းသူများအတွက် ကုမ္ပဏီအုပ်စု၏မူဝါဒ
- ပစ္စည်းသွင်းသူများအတွက် ကုမ္ပဏီအုပ်စု၏မူဝါဒအတွက် လမ်းညွှန်ချက်များ

## ၇။ ရင်းနှီးမြှုပ်နှံသူများနှင့် အစုရှယ်ယာရှင်များ - ယုံကြည်ကိုးစားမှုနှင့် တာဝန်ယူမှု

၇.၁။ ကျွန်ုပ်တို့သည် အားထားယုံကြည်ရသော စီမံခန့်ခွဲမှုများ ဆောင်ရွက်ရန်နှင့် အစုရှယ်ယာရှင်များကို သင့်လျော်သော ပြန်လည်ပေးဆပ်မှုများ ပြုလုပ်ရန်နှင့် ကုမ္ပဏီတန်ဖိုးကို စဉ်ဆက်မပြတ် တိုးမြှင့်ရရှိရန်အတွက် အစွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်ရမည်။

၇.၂။ ကျွန်ုပ်တို့သည် အစုရှယ်ယာရှင်မျိုးစုံထံ သတင်းအချက်အလက်များကို အချိန်မီ လျော်ကန်စွာ ထုတ်ပြန်ပေးပြီး မိမိတို့အပေါ် ထားရှိသော မျှော်လင့်ချက်များနှင့် ယုံကြည်မှုများကို မျှတစွာနှင့် သစ္စာရှိစွာ ပြန်လည် ဖြည့်ဆည်းပေးရမည်။

၇.၃။ ကျွန်ုပ်တို့သည် ယုံကြည်မှုရှိသော ဆက်ဆံရေးကို တည်ဆောက်ကာ မတူကွဲပြားသော အစုရှယ်ယာရှင်များနှင့် လုပ်ဆောင်လျက်ရှိသော နှစ်ဘက်အပြန်အလှန် ဆွေးနွေးမှုတွင် ပါဝင်စေ့စပ်ဆွေးနွေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရမည်။

၇.၄။ ကျွန်ုပ်တို့သည် အစုရှယ်ယာရှင်များအပေါ် ထုတ်ပြန်ပေးမည့် ဘဏ္ဍာရေးအချက်အလက်များသည် ယုံကြည်စိတ်ချရမှုနှင့် တိကျမှန်ကန်မှုတို့ ရှိစေရန် သင့်လျော်သော ကုမ္ပဏီဌာနတွင်း ထိန်းကျောင်းမှုစနစ်တစ်ခုကို ထားရှိကာ လည်ပတ်ဆောင်ရွက်ရမည်။

၇.၅။ ကျွန်ုပ်တို့သည် အာဂျီနိုမိုတိုကုမ္ပဏီအုပ်စုမှ ကုမ္ပဏီများ နှင့်/သို့မဟုတ် စီးပွားရေးလုပ်ဖော်ကိုင်ဖက်များအတွက် ထုတ်ပြန်ကြေညာခြင်းမပြုသော သတင်းအချက်အလက်များကို အသုံးပြု၍ အစုရှယ်ယာ အရောင်းအဝယ်ပြုခြင်း သို့မဟုတ် အခြားရင်းနှီးမြှုပ်နှံမှုများ အပါအဝင် ကုမ္ပဏီအတွင်းရေးသတင်းများ ရောင်းစားခြင်းကဲ့သို့ ဥပဒေနှင့်မလွတ်ကင်းသည်များတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရပါ။

၇.၆။ အကောက်ခွန်စည်းမျဉ်း၌ ရှိလာနိုင်သည့် အပြောင်းအလဲများကြောင့် မျှော်လင့်ထားသည်ထက် ဆုံးရှုံးမှုပိုများသွားနိုင်သည့်အန္တရာယ်များကို သင့်လျော်သလို စီမံခန့်ခွဲရန် ကြိုးပမ်းလျက်၊ မိမိတို့ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေသော နိုင်ငံတိုင်းတွင် သင့်လျော်သော အကောက်ခွန်များ ပေးဆောင်ပြီး၊ အကောက်ခွန်ဥပဒေများကို လေးစားလိုက်နာရခြင်းဖြင့် ကျွန်ုပ်တို့၏လူမှုရေးတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ရမည်။

**ကုမ္ပဏီအုပ်စု၏မူဝါဒများနှင့် လမ်းညွှန်ချက်များ**

• အာဟာရဓာတ်ဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

• အစုရှယ်ယာရှင်များနှင့် သတင်းအချက်အလက်မျှဝေခြင်းဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

• ကုမ္ပဏီအတွင်းရေးသတင်းများ ရောင်းဝယ်ခြင်း တားဆီးရေးဆိုင်ရာ လမ်းညွှန်ချက်များ

## ၈။ ဒေသခံလူမှုအဖွဲ့အစည်းများ - လူထုနှင့် လက်တွဲဆောင်ရွက်ခြင်း

၈.၁။ ကျွန်ုပ်တို့သည် မိမိတို့ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေသော နေရာနှင့် ပိုမိုကျယ်ပြန့်သော လူ့အဖွဲ့အစည်းတွင် ဒေသခံပြည်သူများ ကျန်းမာကြံ့ခိုင်စေရေးအတွက် တက်ကြွစွာ လူမှုအကျိုးသယ်ပိုးရေးကို ကြိုးပမ်းဆောင်ရွက်ရမည်။ မိမိတို့ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေသော ဒေသများမှ ဒေသခံပြည်သူတိုင်း၏ စီးပွားရေး၊ ဓလေ့ထုံးစံနှင့် ပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးပြုဆောင်ရွက်ရမည်။

၈.၂။ ကျွန်ုပ်တို့သည် မည်သည့်အဖွဲ့အစည်းကိုမဆို အလှူငွေများ ပေးအပ်လှူဒါန်းရာတွင် လှူဒါန်းရသည့် ရည်ရွယ်ချက်နှင့် လူမှုရေးဆိုင်ရာ အရေးပါမှုကို ရှင်းလင်းစွာ ဖော်ပြသွားပါမည်။ ထိုသို့ ဆောင်ရွက်ရာတွင် ကုမ္ပဏီတွင်း စည်းမျဉ်းများနှင့်အညီ ဆုံးဖြတ်ခြင်း၊ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ပြီး သက်ဆိုင်ရာဥပဒေများကို လိုက်နာကာ ပွင့်လင်းမြင်သာမှု ရှိစေပါမည်။

၈.၃။ ကျွန်ုပ်တို့ တစ်ဦးချင်းစီမှလည်း ဒေသခံပြည်သူအနေဖြင့် လူမှုရေးအကျိုးပြု လှုပ်ရှားမှုများတွင် ပါဝင်ရန် အားပေးတိုက်တွန်းရမည်။

၈.၄။ ကျွန်ုပ်တို့ အများပြည်သူနှင့် အပြန်အလှန် ဆက်သွယ်သည့် အခါတိုင်း အုပ်စု၏ ဝန်ထမ်းတစ်ဦး အနေဖြင့် ကျွန်ုပ်တို့ တစ်ဦးတစ်ယောက်ချင်း စီတိုင်းသည် အာဂျီနိုမိုတို ကုမ္ပဏီအုပ်စုကို ကိုယ်စားပြုသည်ကို ကျွန်ုပ်တို့ အသိအမှတ်ပြုပါသည်။ ၎င်းအတိုင်းကျွန်ုပ်တို့၏ လုပ်ဆောင်မှုတိုင်းကို လူမှုရေး ကျင့်ဝတ်ဆိုင်ရာ အသိပညာတစ်ခုက အချိန်ပြည့် လွှမ်းမိုးထားပါသည်။

**ကုမ္ပဏီအုပ်စု၏မူဝါဒများ**

• ဒေသခံပြည်သူတို့ဘဝ မြှင့်တင်ရေးဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

## ၉။ နိုင်ငံရေးသမားများနှင့် အစိုးရအဖွဲ့ဝင်များ - ပွင့်လင်းမြင်သာသော ဆက်ဆံရေးများ

၉.၁။ နိုင်ငံရေးလှုပ်ရှားမှုများတွင် တစ်သီးပုဂ္ဂလ ရပ်တည်ချက်ဖြင့် ပါဝင်ဆောင်ရွက်သည့်အခါ ကျွန်ုပ်တို့သည် ထိုလှုပ်ရှားမှုများက ကုမ္ပဏီ၏ပုံရိပ်အပေါ် အထင်အမြင်လွဲစေမှု မဖြစ်စေရန် အလုပ်ချိန်ပြင်ပနှင့် ကုမ္ပဏီ အဆောက်အအုံ အပြင်ဘက်တွင်သာ ပြုလုပ်ရပါမည်။

၉.၂။ ကျွန်ုပ်တို့သည် ပြည်တွင်း သို့မဟုတ် ပြည်ပမှ ပြည်သူ့ဝန်ထမ်းအရာရှိများ သို့မဟုတ် ၎င်းတို့နှင့် အဆင့်ရာထူး တူညီသူများအပေါ် လာဘ်ပေးလာဘ်ယူမှုများတွင် ပါဝင်သော လက်ဆောင်ပဏ္ဏာများ၊ ဖျော်ဖြေမှု၊ ငွေကြေး သို့မဟုတ် အခြားအကျိုးခံစားခွင့်များကို မည်သည့်နည်းဖြင့်မဆို ကမ်းလှမ်းမှုမပြုရပါ။ ကျွန်ုပ်တို့သည် အစိုးရ များ၊ အာဏာပိုင်များနှင့် ကျိုးကြောင်းခိုင်လုံသော ပုံမှန်ဆက်ဆံရေးကိုသာ ထားရှိရမည်။

၉.၃။ ကုမ္ပဏီသည် နိုင်ငံရေးဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခြင်း သို့မဟုတ် အစိုးရနှင့် အများပြည်သူ ဆိုင်ရာ အဖွဲ့အစည်းများနှင့် စည်းရုံးခြင်းနှင့် အခြားလုပ်ဆောင်ချက်များမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက် ခြင်းများ ပြုလုပ်ပါက ကျွန်ုပ်တို့၏ ရည်ရွယ်ချက်၊ လိုအပ်ချက်၊ သင့်လျော်မှုနှင့် လူမှုရေးဆိုင်ရာ အရေးပါ မှုတို့ကို ရှင်းလင်းစွာ ဖော်ပြလျက် လုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ရာတွင်လည်း ကုမ္ပဏီ တွင်း စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများကို လိုက်နာခြင်း၊ သက်ဆိုင်ရာ ဥပဒေများကို လိုက်နာခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိစေခြင်းတို့ကို အာမခံပါသည်။

**ကုမ္ပဏီအုပ်စု၏မူဝါဒများ**

- လာဘ်ပေးလာဘ်ယူမှု တားဆီးကာကွယ်ရေးဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ
- နိုင်ငံရေးလှုပ်ရှားမှုများနှင့် နိုင်ငံရေးအရကူညီထောက်ပံ့မှုဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ
- စည်းရုံးလုပ်ဆောင်မှုများဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

## ၁၀။ ဝန်ထမ်းများ - လူ့အရင်းအမြစ် ပျိုးထောင်မွေးထုတ်ရေးနှင့် ဝန်ထမ်းများအား လုံခြုံမှုပေးရေး

၁၀.၁။ ကျွန်ုပ်တို့သည် မိမိတို့ဝန်ထမ်းများကို တိုးတက်စေရန်နှင့် ကွဲပြားခြားနားမှု ၊ အကျင့်စရိုက်၊ ပင်ကိုလက္ခဏာတို့ကို လေးစားမှုရှိလျက် ၎င်းတို့၏ ကျွမ်းကျင်မှု၊ လုပ်ဆောင်နိုင်စွမ်း၊ အတွေ့အကြုံတို့ကို အပြည့်အဝ အသုံးချနိုင်စေ ရန်နှင့် တစ်ဦးချင်းစီ၏ လူ့အခွင့်အရေးကို လေးစားကာ တရားမျှတသော အလုပ်အကိုင်ခန့်ထားခွင့်ကို စီစဉ်ပေး နိုင်ရန် ဆောင်ရွက်ပါမည်။

၁၀.၂။ ကျွန်ုပ်တို့သည် မိမိတို့အလုပ်အပေါ် ကမ္ဘာလုံးဆိုင်ရာရှုထောင့်မှ ရှုမြင်ကာ စုပေါင်းလုပ်ဆောင်မှုကို ဖော်ထုတ် ပြသခြင်း၊ ဖန်တီးနိုင်စွမ်းကို အသုံးချခြင်း၊ စွန့်ဦးတီထွင်လိုစိတ်ကို တန်ဖိုးထားကာ အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုရန် ဆောင်ရွက်ရမည်။

၁၀.၃။ ကျွန်ုပ်တို့သည် အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် ဝန်ထမ်းများ၏ ရှင်သန် မှုဘဝများ ပြည့်စုံကြွယ်ဝရေးအတွက် ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုကို ကူညီထောက်ပံ့ပေးပြီး လူ့အဖွဲ့အစည်း သာယာဝပြောရေးအတွက် အကျိုးပြုဆောင်ရွက်ရမည်။ ထိုအတွက် ကျွန်ုပ်တို့တစ်ဦးချင်းစီသည် ကြိုးပမ်းမှု အသစ်များ၊ အစီအစဉ်သစ်များဖြင့် မိမိတို့ကိုယ်တိုင် ပိုမိုတိုးတက်ကောင်းမွန်လာစေရန် အမြဲတစေ လုပ်ဆောင်ရ မည်။

၁၀.၄။ ကျွန်ုပ်တို့သည် မိမိတို့၏ အလုပ်အကိုင်အပေါ် စိတ်ကျေနပ်မှု ပိုမိုရရှိစေပြီး ကုန်ထုတ်စွမ်းအား မြှင့်တင်ပေးသော အလုပ်ခွင်အခြေအနေ ရရှိရေးကို ရည်မှန်းထားပါသည်။

၁၀.၅။ ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး လူသားဂုဏ်သိက္ခာကို လေးစားသမှုရှိပြီး ခွဲခြားဆက်ဆံမှုများနှင့် ထိပါး နှောင့်ယှက်မှုများ ကင်းဝေးသော လွတ်လပ်ပွင့်လင်းသည့် ဆက်ဆံရေးဖြင့် အပြုသဘောဆောင်သော လုပ်ငန်းခွင်ကို တည်ဆောက်ကာ ထိန်းသိမ်းရမည်။

၁၀.၆။ အာဂျီနိုမိုတို အုပ်စု၏ စဉ်ဆက်မပြတ် တိုးတက်မှုကို ဖော်ဆောင်နိုင်သည့် အခြေခံအုတ်မြစ်မှာ ကျွန်ုပ်တို့ ဝန်ထမ်းများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုပေါ်တွင် တည်ရှိသည်ဟု ကျွန်ုပ်တို့ ယုံကြည် ပါသည်။ ကျွန်ုပ်တို့သည် အဖွဲ့အစည်း၏ ကြံ့ခိုင်သန်စွမ်းရေးကို ထိန်းသိမ်းမြှင့်တင်ရန်အတွက် တာဝန်ရှိပုဂ္ဂိုလ် များနှင့် ဝန်ထမ်းများအားလုံးနှင့် လက်တွဲ၍ ဆောင်ရွက်ရပါမည်။

၁၀.၇။ ကျွန်ုပ်တို့သည် "အသက်ဘေးကင်းလုံခြုံမှုကို ဦးစားပေးရမည်" ဟူသော မူဝါဒကို အခြေခံ၍ ဆောင်ရွက်လျက် ရှိပါသည်။ အုပ်စုတွင်းရှိ လုပ်ငန်းခွင်ဝင်နေသူအားလုံး၏ ဘေးကင်းလုံခြုံမှုကို အာမခံနိုင်ရန်အတွက် တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများအားလုံး ပါဝင်ပူးပေါင်း၍ လုပ်ငန်းခွင် ဘေးကင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အခြေအနေများကို စဉ်ဆက်မပြတ် မြှင့်တင်ဆောင်ရွက်သွားပါမည်။

**ကုမ္ပဏီအုပ်စု၏မူဝါဒများ**

- လူ့အရင်းအမြစ်ဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ
- သက်မွေးဝမ်းကျောင်းအလုပ်အကိုင်ဆိုင်ရာ ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးတို့အတွက် ကုမ္ပဏီအုပ်စု၏မူ ဝါဒ

## ၁၁။ ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများနှင့် သတင်းအချက်အလက်များကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် စီမံခန့်ခွဲခြင်း

၁၁.၁။ ကျွန်ုပ်တို့သည် ကုမ္ပဏီ၏ အချက်အလက်၊ ကုန်သွယ်ရေးလျှို့ဝှက်ချက်နှင့် ဉာဏပစ္စည်းပိုင်ဆိုင်မှု (ကုမ္ပဏီ အမှတ်တံဆိတ်) အပါအဝင် လက်ဆုပ်လက်ကိုင်ပြနိုင်သော ကုမ္ပဏီပိုင်ဆိုင်မှုများနှင့် လက်ဆုပ်လက်ကိုင်မပြနိုင်သော ကုမ္ပဏီပိုင်ဆိုင်မှုများကိုလည်းကောင်း တင်းကျပ်စွာ ကာကွယ်စောင့်ရှောက်ပြီး စီမံခန့်ခွဲရမည်။

၁၁.၂။ ကျွန်ုပ်တို့သည် ကိုယ်ရေးလွတ်လပ်ခွင့်နှင့် ကိုယ်ရေးအချက်အလက်များ ကာကွယ်စောင့်ရှောက်မှု၏ အရေးကြီးပုံကို လက်ခံအသိအမှတ်ပြုကာ အချက်အလက်များကို သင့်လျော်စွာ ရယူခြင်း၊ အသုံးပြုခြင်း၊ ထုတ်ပေးခြင်းတို့ ဆောင်ရွက်ရမည်။

ကျွန်ုပ်တို့သည် ကိုယ်ရေးအချက်အလက်များ ပြင်ပသို့ ပေါက်ကြားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းတို့မှ ကာကွယ်ရန်အတွက် အချက်အလက်အားလုံးကို တင်းကျပ်စွာ စီမံခန့်ခွဲသွားမည် ဖြစ်ပြီး သက်ဆိုင်သူအားလုံး၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံမှုကို လေးစားလိုက်နာပါမည်။

၁၁.၃။ ကျွန်ုပ်တို့သည် တန်ဖိုးမြင့် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ဖော်ဆောင်ရန်၊ ၎င်းတို့၏ တန်ဖိုးကို ပိုမိုမြင့်တင်ရန်နှင့် လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုနိုင်ရန် ကျွန်ုပ်တို့၏ ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ထိရောက်စွာ အသုံးချပါမည်။

၁၁.၄။ ကျွန်ုပ်တို့သည် တပါးသူတို့၏ တရားဝင် ဉာဏပစ္စည်းမူပိုင်ခွင့်ကို အလေးထားရမည်။

၁၁.၅။ ကျွန်ုပ်တို့သည် သတင်းအချက်အလက် လုံခြုံရေးကို ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှုများတွင် အထူးဦးစားပေးရမည့် ကိစ္စရပ်တစ်ခုအဖြစ် သတ်မှတ်ထားပြီး ပြင်ပမှ တိုက်ခိုက်မှုများအပါအဝင် ခြိမ်းခြောက်မှုအားလုံးမှ သတင်းအချက်အလက်များကို ကာကွယ်ရန် ကြိုးပမ်းဆောင်ရွက်ပါမည်။

**ကုမ္ပဏီအုပ်စု၏မူဝါဒများ**

- သတင်းအချက်အလက်လုံခြုံရေးဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ
- ကိုယ်ရေးလွတ်လပ်ခွင့်ဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ
- ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ

## ၁၂။ စီးပွားရေးနှင့် ကိုယ်ရေးကိုယ်တာ ရောထွေးမှုမရှိခြင်း

၁၂.၁။ ကျွန်ုပ်တို့သည် ဝန်ထမ်းများ၊ ၎င်းတို့မိသားစုဝင်များ၏ အကျိုးခံစားခွင့်ကို အာဂျီနိုမိုတိုကုမ္ပဏီအုပ်စုမှ ကုမ္ပဏီများ၏ အကျိုးခံစားခွင့်နှင့် ရောထွေးမှုမရှိစေရန် ဆောင်ရွက်ရမည်။

၁၂.၂။ ကျွန်ုပ်တို့သည် ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများ သို့မဟုတ် သတင်းအချက်အလက်များကို ခွင့်ပြုချက်မရှိဘဲ ပြင်ပသို့ ယူဆောင်ခြင်း သို့မဟုတ် ထုတ်ဖော်ပြောကြားခြင်းတို့ကို မပြုလုပ်ပါ။ ကျွန်ုပ်တို့သည် ၎င်းတို့ကို ကိုယ်ကျိုးအလို့ငှာမဟုတ်ဘဲ စီးပွားရေးလုပ်ငန်းအတွက်သာ ရည်ရွယ်အသုံးပြုရမည်။

၁၂.၃။ ကျွန်ုပ်တို့သည် ကုမ္ပဏီ၏ ရန်ပုံငွေများကို ကိုယ်ပိုင်ကိစ္စရပ်များအတွက် အသုံးပြုခြင်းကဲ့သို့သော ကုမ္ပဏီလုပ်ငန်းမှတစ်ဆင့် ကိုယ်ကျိုးရှာခြင်း သို့မဟုတ် ထိုသို့သော သံသယဖြစ်ဖွယ် လုပ်ရပ်မျိုးကို ပမာဏ မည်မျှပင်ဖြစ်စေ လုံးဝခွင့်ပြုမည်မဟုတ်ပါ။

၁၂.၄။ ဝန်ထမ်းများ တည်ဆောက်ထားသော စီးပွားရေးဆက်ဆံမှုများသည် ထိုဝန်ထမ်းများ အလုပ်မှ အနားယူပြီးသည့်နောက်တွင်ပင် ကုမ္ပဏီနှင့်သာ သက်ဆိုင်ကြောင်း ကျွန်ုပ်တို့အနေဖြင့် လက်ခံအသိအမှတ်ပြုရမည်။

၁၂.၅။ ကျွန်ုပ်တို့သည် သတင်းအချက်အလက်များကို လူမှုမီဒီယာပေါ်တွင် ကုမ္ပဏီမှ တရားဝင်ထုတ်ပြန်ခြင်းနှင့် တစ်ဦးချင်းစီမှ ထုတ်ပြန်ခြင်းတို့ကို ရှင်းလင်းကွဲပြားစွာ ဆောင်ရွက်ရမည်။ တစ်ဦးချင်းစီမှ သတင်းအချက်အလက်များ ထုတ်ပြန်မှု ပြုခဲ့လျှင်လည်း အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၏ အဖွဲ့ဝင်အနေဖြင့် မိမိတို့၏ အခန်းကဏ္ဍနှင့် တာဝန်ယူတာဝန်ခံမှုများကို အသိသတိထားရှိပြီး အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု၊ ၎င်း၏ ဂုဏ်သတင်း သို့မဟုတ် ၎င်း၏ အခြားပိုင်ဆိုင်မှုတစ်စုံတစ်ရာ ထိခိုက်ပျက်စီးစေမည့်အရာများ မပြုလုပ်ရပါ။

## တိုက်ရိုက်ဖုန်းလိုင်း

- အာဂျီနိုမိုတိုကုမ္ပဏီအုပ်စုမှ ကုမ္ပဏီတိုင်းသည် အခန်း 1 တွင် ဖော်ပြပါရှိသော "ကုမ္ပဏီတွင်း သတင်းပေးတိုင်ကြားခြင်းဆိုင်ရာ ကုမ္ပဏီအုပ်စု၏မူဝါဒ (Group Shared Policy on Whistleblowing)" အရ ဝန်ထမ်းများအနေဖြင့် စည်းမျဉ်းချိုးဖောက်မှုများနှင့် အခက်အခဲပြဿနာရပ်များကို သတင်းပေးတိုင်ကြားရန် ဆက်သွယ်ရေးလမ်းကြောင်းများ ထူထောင်တပ်ဆင်ထားရမည်။
- ကိုယ်ရေးအချက်အလက်များကို ကာကွယ်စောင့်ရှောက်ပြီး ကိုယ်ရေးလွတ်လပ်ခွင့်ကို လေးစားသွားပါမည်။ ကုမ္ပဏီတွင်း သတင်းပေးတိုင်ကြားသူသည် သတင်းပို့တိုင်ကြားခြင်းကြောင့် ထိခိုက်နစ်နာစေသည်များ ကြုံတွေ့ရမည်မဟုတ်ပါ။
- စီစဉ်ပေးထားသော တိုက်ရိုက်ဖုန်းလိုင်းများ (Hotlines) အပြင် ကုမ္ပဏီတစ်ခုချင်းစီတွင်လည်းအောက်ပါ စုံစမ်းမေးမြန်းရေးဌာနမှတစ်ဆင့် သတင်းပေးတိုင်ကြားခြင်းကို ပြုလုပ်နိုင်ပါသည်။

### အာဂျီနိုမိုတိုကုမ္ပဏီအုပ်စု ဟော့လိုင်း

**ဝက်ဘ်ဆိုက်လိပ်စာ- https://ml.helpline.jp/g-hotline/**

သက်သေခံကတ်ပြား(ID) - hotline
စကားဝှက် (Password) - ajinomoto

* တစ်နေ့လျှင် ၂၄နာရီ၊ တစ်နှစ်လျှင် ၃၆၅ရက်၊ ဘာသာစကား ၂၂ မျိုးဖြင့် ခေါ်ဆိုနိုင်သည်

* သတင်းပေးတိုင်ကြားမှုတွင် ဒါရိုက်တာ သို့မဟုတ် အရာရှိတို့ပါဝင်ပါက၊ လုပ်ငန်းစစ်ဆေးရေး ကော်မတီ အတွင်းရေးမှူးရုံး၏ ဟော့လိုင်းကို ရွေးချယ်ပါ။

**Ajinomoto Co., Inc.**

15-1, Kyobashi 1-chome, Chuo-ku,
Tokyo 104-8315 Japan
Tel: +81 (3) 5250-8111
URL: http://www.ajinomoto.com/en/

Eat Well, Live Well.

2018 ဇူလိုင်လ 1 ရက်နေ့တွင် စတင်တည်ထောင်သည်။
ဒုတိယအကြိမ်  ထုတ်ဝေမှု၊ 2021 ခုနှစ်၊ ဇူလိုင်လ၊ 1 ရက်
တတိယအကြိမ် ထုတ်ဝေမှု၊ 2023 ခုနှစ်၊ ဇူလိုင်လ၊ 1 ရက်
စတုတ္ထအကြိမ်  ထုတ်ဝေမှု၊ 2026 ခုနှစ်၊ ဧပြီလ၊ 1 ရက်